လွတ်လပ်စွာထုတ်ဖော်ရေးသားပြောဆိုခွင့်

နှင့်

ကိုယ်ပိုင်လွတ်လပ်ခွင့်အပေါ်တွင်တယ်လီကွန်း

ဆက်သွယ်ရေးလုပ်ငန်းများ၏ ဆွေးနွေးပွဲ

# လမ်းညွှန်မှုသဘောတရားများ

Version 1

March 6, 2013

**မိတ်ဆက်**

•လွတ်လပ်စွာထုတ်ဖော်ရေးသားပြောဆိုခွင့်နှင့်ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိရေးတို့သည်အခြေခံလူ့အခွင့်ရေးတို့ဖြစ်ကြပါသည်။ထိုအရာများသည်လူသားအားလုံး၏မွေးရာပါဂုဏ်သရေရှိမှုမှဆင်းသက်လာခြင်းဖြစ်သည်။.

•ကိုယ်ပိုင်လွတ်လပ်ခွင့်၊လွတ်လပ်စွာထုတ်ဖော်ရေးသားပြောဆိုခွင့်တို့သည်တယ်လီကွန်းဆက်သွယ်ရေးကဏ္ဍနှင့်သက်ဆိုင်နေသောကြောင့်ဤသဘောတရားနှင့်စည်းမျဉ်းများသည်အစိုးရ၏လူ့အခွင့်အရေးများကို ကာကွယ်ပေးမှုတာဝန်နှင့် တယ်လီကွန်းကုမ္ပဏီကြီးများ၏ လူ့အခွင့်အရေးအပေါ် လေးစားလိုက်နာ တာဝန်ယူမှုတို့အပေါ်တွင် ပူးပေါင်းလုပ်ဆောင်မှုနှင့် စည်းခြားထားမှုတို့ကို အထူးသဖြင့်လေ့လာဆန်းစစ် ဖော်ပြခြင်းဖြစ်သည်။

• ဤသဘောတရားနှင့် စည်းမျဉ်းများသည် လွတ်လပ်စွာထုတ်ဖော်ရေးသားပြောဆိုခွင့်နှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်ဆိုင်ရာပြဿနာများကိုကိုင်တွယ်ဖြေရှင်းနိုင်ရန်ကျွန်ုပ်တို့လုပ်ငန်းနယ်ပယ်တွင်း ဆွေးနွေးပွဲများတွင် အတူတကွတက်ရောက်လာသော တယ်လီကွန်းဆက်သွယ်ရေးအော်ပရေတာများနှင့်ရောင်းချသူများ(ပါဝင်တက်ရောက်သောကုမ္ပဏီများ)အုပ်စု၏ ပိုင်းဝန်းကြိုးပမ်းမှုဖြင့် ပေါ်ထွန်းလာခြင်းဖြစ်ပါသည်။

• ဤသဘောတရားနှင့် စည်းမျဉ်းများသည်အခြေခံလူ့အခွင့်အရေးကြေငြာစာတမ်း၊ ပြည်သူ့ရေးရာနှင့်နိုင်ငံရေးရာအခွင့်အရေးများ အပြည်အပြည်ဆိုင်ရာသဘောတူညီချက်(ICCPR) နှင့်စီးပွါးရေး၊လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးများအပြည်ပြည်ဆိုင်ရာသဘောတူညီချက်(ICESCR ) အစရှိသော အပြည်ပြည်ဆိုင်ရာမှ အသိအမှတ်ပြုထားသော လူ့အခွင့်အရေး ဥပဒေများနှင့် စံချိန်စံညွှန်းတို့အပေါ်တွင် အခြေခံသည့်အပြင် ကမ္ဘာ့ကုလသမဂ္ဂ၏စီးပွါးရေးနှင့် လူ့အခွင့်အရေးများ "ကာကွယ်၊လေးစား၊ကုစား"ရာ၌အခြေခံရမည့်စည်းမျဉ်းများနှင့်အပြည်ပြည်ဆိုင်ရာစီးပွါးရေးလုပ်ငန်းများအတွက်OECD လမ်းညွှန်ချက် များကိုလည်း လိုက်နာခံယူထားပါသည်။

• ကမ္ဘာ့ကုလသမဂ္ဂ၏ "ကာကွယ်၊လေးစား၊ကုစား"မှု အခြေခံစည်းမျဉ်းများတွင် ထိုအရာကို သတ်မှတ်ပြဌာန်းထားသည်မှာ

၁. လူ့အခွင့်အရေးများကို ကာကွယ်ရန်နိုင်ငံတော်၏တာဝန်နှင့်

၂. လူ့အခွင့်အရေးများကို လေးစားလိုက်နာရန် ကုမ္ပဏီများ၏တာဝန်

• လွတ်လပ်စွာထုတ်ဖော်ရေးသားပြောဆိုခွင့်နှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်များကို ကန့်သတ်ထားသည့်အခြေအနေမျိုးတွင်မှသာလျှင် တားမြစ်နိုင်သည်ဟု ပြည်သူ့ရေးရာနှင့်နိုင်ငံရေးရာများ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်(ICCPR) ကလက်ခံအသိအမှတ်ပြုပါသည်။

• အိုအီးဆီဒီ(OECD)အခြေခံစည်းမျဉ်းစည်းကမ်း(အခြေခံမူဘောင်)၏ ဖော်ပြချက်မှာ "တိုင်းပြည်၏အစိုးရအနေဖြင့် သက်ဆိုင်ရာပြည်တွင်းဥပဒေကို လိုက်နာမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန် သို့မဟုတ် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးများအရ လိုက်နာရမည့်လိုအပ်ချက်များကို အကောင်အထည်ဖော်ရန် ပျက်ကွက်မှုကြောင့်သော်လည်းကောင်း သို့မဟုတ် ၎င်းတို့သည်ထိုကဲ့သို့ဥပဒေများ သို့မဟုတ်အပြည်ပြည်ဆိုင်ရာ လိုက်နာအပ်သော ဝတ္တရားများနှင့် မလျှော်ညီစွာ ကျင့်ဆောင်မှုကြောင့်သော်လည်းကောင်း၊ ကုမ္ပဏီများအနေဖြင့် လူ့အခွင့်အရေး

များကိုလေးစားလိုက်နာရန် မျှော်လင့်ထားမှုသည် မေးမိန်ယုတ်လျော့မသွားသင့်ပါ။ အချို့တိုင်းပြည်များတွင်ပြည်တွင်းဥပဒေနှင့်နည်းဥပဒေများသည်အပြည်ပြည်ဆိုင်ရာမှအသိအမှတ်ပြုထားသောလူ့အခွင့်အရေးများနှင့်ဆန့်ကျင်နေသောအခါကုမ္ပဏီများအနေဖြင့်ပြည်တွင်းဥပဒေများကိုလည်းမချိုးဖေါက်မိစေပဲလူ့အခွင့်အရေးများကိုအပြည့်ဂုဏ်ဆုံးထိလိုက်နာနိုင်မည့်နည်းလမ်းများကို ရှာဖွေပြီးလေးစားလိုက်နာကြရမည်။

- တယ်လီကွန်းဆက်သွယ်ရေးသည် အတွေးအခေါ်များ ဖလှယ်နိုင်စေခြင်း၊ သတင်းအချက်အလက်များကိုရရှိနိုင်စေခြင်း နည်းလမ်းအားဖြင့် စီးပွါးရေးနှင့်လူမှုရေးအခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းစေခြင်း၊ဗဟုသုတများကိုတိုးပွါးစေခြင်း၊ပွင့်လင်းမြင်သာမှုတိုးပွါးစေခြင်းတို့ကိုဖြစ်ထွန်းစေရန်ထောက်ပံ့ပေးပါသည်။ အရေးပေါ်ကာလများတွင် တယ်လီကွန်း ဆက်သွယ်ရေးသည်အသက်သွေးကြောဖြစ်သည့်အပြင် သာမန်မဟုတ်သော အချို့သော အခြေအနေများတွင်လည်းအများပြည်သူတို့၏လုံခြုံရေးနှင့်အန္တရာယ်ကင်းရေးတို့ကိုအစိုးရအနေဖြင့်ကူညီကာကွယ်ပေးနိုင်ရန်အတွက် အလွန်အရေးပါသော အရာပင်ဖြစ်လာနိုင်သည်။ အိုင်တီယူ(ITU)၏အခြေခံဥပဒေတွင်တယ်လီကွန်းဆက်သွယ်ရေးကိုရပ်တန့်ခြင်း၊ဂန်ဆောင်မှုယာယီဆိုင်းငံ့ခြင်းနှင့်တယ်လီကွန်းဆက်သွယ်ရေး၏ လျှို့ပှက်ထိန်းသိမ်းရမှုဆိုင်ရာတို့အတွက် ထည့်သွင်းဖေါ်ပြထားသော ပိုဒ်ခွဲပါဂင်ပါသည်။
- တယ်လီကွန်းဆက်သွယ်ရေးနည်းပညာအား သာမန်မဟုတ်သော အခြေနေများတွင်အများပြည်သူ၏ လွတ်လပ်စွာထုတ်ဖေါ် ရေးသားပြောဆိုနိုင်ခွင့်နှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်တို့ကိုထိခိုက်စေနိုင်သော နည်းလမ်းဖြင့် အစိုးရမှအလွဲသုံးစားပြုနိုင်သည်။ ဤသဘောတရားနှင့်စဉ်းမျဉ်းများသည် ထိုကဲ့သို့သော သာမာန်မဟုတ်သော အခြေအနေများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်ရည်ရွယ်လိုရင်းဖြစ်သည်။
- လွတ်လပ်စွာ ထုတ်ဖေါ်ရေးသားပြောဆိုခွင့်နှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်တို့ကို ကမ္ဘာတစ်ပှမ်းတွင်တိုးတက်ထွန်းကားလာစေရေးအတွက် အစိုးရများနှင့် စီးပွါးရေးလုပ်ငန်းများ၊ အရပ်ဖက်လူ့အဖွဲ့အစည်း (လူအခွင့်အရေးဆိုင်ရာကျွမ်းကျင်သူများအပါအဂင်)၊ ရင်းနှီး မြှုပ်နှံသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်အခြားသောသက်ဆိုင်နေသူများကြားတွင်ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းများမှ တဆင့်အကောင်ဆုံး အောင်မြင်နိုင်ပါသည်။ ပါဂင်သောကုမ္ပဏီများအနေဖြင့်အခြားသောအာလားတူကုမ္ပဏီများ၊အကျိုးသက်ဆိုင်သူများနှင့်အတူတကွပူးပေါင်း၍ဆက်သွယ်နီးနှောဆောင်ရွက်ကြရပါလိမ့်မည်။

**အဓိကသဘောတရားနှင့်စည်းမျဉ်းစည်းကမ်းများ Key Principles**

ပါဂင်ကြသောကုမ္ပဏီများအနေဖြင့် ယင်းတို့၏ကုမ္ပဏီတွင်းပေါ်လစီမူဂါဒများနှင့် ပြင်ပမှသက်ဆိုင်သူများနှင့် လက်တွဲပူးပေါင်း၍ ဆက်လက်လုပ်ဆောင်မှုတွင် အသိပေးလမ်းညွှန်မှုပြုနိုင်ရန်မူပိုင်းဆိုင်ရာ သဘောတရားနှင့် စည်းမျဉ်းစည်းကမ်းများကို ဖေါ်ထုတ်ထားပါသည်။

ကျွန်ုပ်တို့ တယ်လီကွန်းဆက်သွယ်ရေးကုမ္ပဏီများအနေဖြင့် လုံခြုံမှုရှိပြီး အားကိုးအားထားပြုနိုင်သောအခြေခံအဆောက်အအုံကို ပေးစွမ်းနိုင်ရန်နှင့် ကျွန်ုပ်တို့၏ဂန်ဆောင်မှုကို အမြဲတစေရရှိနိုင်ရေး သေချာမှုရှိစေရန် ကြိုးပမ်းနေပါသည်။ ဆက်သွယ်ရေးဆိုင်ရာ အခြေခံ

အဆောက်အအုံများ၊ ထုတ်ကုန်များနှင့်ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးခြင်းနှင့် အတူ တာဝန်ယူစရာရှိသည်များကို ကျွန်ုပ်တို့အသိအမှတ်ပြုလက်ခံပြီးဖြစ်ပါသည်။ ဤလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများသည် စီးပွါးရေးလုပ်ငန်းများ၊ အစိုးရနှင့်သုံးစွဲသပြည်သူများကြားတွင် ရေရှည် တည်တံ့ခိုင်မြဲသောဆက်ဆံရေးပေါ်တွင်အားထားကာမရှိမဖြစ်လိုအပ်သောအခြေခံအဆောက်အအုံ ကို တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းပြုပြင်ခြင်းဖြစ်ပါသည်။

တယ်လီကွန်းဆက်သွယ်ရေးကုမ္ပဏီများသည် မိမိတို့အနေဖြင့် လိုင်စင်ဆိုင်ရာလိုအပ်ချက်များနှင့် ဥပဒေအရတားမြစ်ထားသောပေါက်ကြားစေမှုအပါအဝင်ပြည်တွင်းဥပဒေများကိုမချိုးဖေါက်မိစေသင့် ပါ၊

၁. ဒီဇိုင်းဆွဲခြင်း၊ရောင်းချခြင်းနှင့် တယ်လီကွန်ဆက်သွယ်ရေးနည်းပညာနှင့် ဝန်ဆောင်မှု ပိုင်းဆိုင်ရာလုပ်ငန်းများလည်ပတ်လုပ်ကိုင်ဆောင်ရွက်ရာတွင်လွတ်လပ်စွာထုတ်ဖေါ်ရေးသား ပြောဆိုခွင့်၊ ကိုယ်ပိုင်လွတ်လပ်ခွင့်ဆိုင်ရာတို့နှင့် ပတ်သက်၍ ကာကွယ်ရန်၊ လေ့လာဆန်းစစ်နိုင်ရန်နှင့် ဆုံးရှုံးမှုအခွင့်အလမ်းလျော့နည်း သက်သာမှုရှိစေရန်အတွက် ကာကွယ်ပေးမှုဆိုင်ရာရပ်တည်ချက်များကိုသိသာကွဲပြားစွာဖေါ်ပြလျက်သက်ဆိုင်ရာပေါ်လစီ များကိုအမြင်ကျယ်စွာသုံးသပ်ရှုမြင်၍ ဖော်ထုတ်ခြင်းနှင့်/သို့မဟုတ်ထိန်းသိမ်းခြင်းပြုပါ။

၂. လွတ်လပ်စွာထုတ်ဖေါ်ရေးသားခွင့်နှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်အပေါ် ကျရောက်နိုင်သော အန္တရာယ်များကိုဖေါ်ထုတ်ခြင်း၊ လျော့ပါးသက်သာအောင် စီစဉ်ထားရှိခြင်းနှင့် စီမံခန့်ခွဲခြင်း ပြုနိုင်ရန်သက်ဆိုင်ရာနည်းပညာများ၊ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများသို့မဟုတ် တိုင်းပြည် အစိုးရနှင့်ပတ်သက်၍သော်လည်းကောင်း လူ့အခွင့်အရေးထိခိုက်မှု စီစစ်အကဲဖြတ်ခြင်း ပုံမှန်စစ်တမ်းနှင့် ဖေါ်ပြချက်တိကျမှန်ကန်မှုရှိကြောင်း သိရှိနိုင်ရန်စနစ်တကျစူးစမ်း လေ့လာသုတေသနပြုလုပ်ခြင်း(due diligence)ကို ကုမ္ပဏီအနေဖြင့် သင့်လျော်သလို လေ့လာ လေးစား၊ကုစား"မှု အခြေခံစည်းမျဉ်း စည်းကမ်းများအကောင်အထည်ဖေါ် ရေးလမ်းညွှန် သဘောတရားများနှင့်အညီ ကုမ္ပဏီအနေဖြင့် သင့်လျော်သလို သေချာစေရန် ဆောင်ရွက်ပါ။

၃. လွတ်လပ်စွာထုတ်ဖေါ်ရေးသားခွင့်နှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်အပေါ်တွင် သက်ရောက်မှု ရှိနိုင်သောအစိုးရ၏ တောင်းဆိုလာမှုများကို တွက်ချက်အကဲဖြတ်နိုင်ရန်နှင့် ကိုင်တွယ် ဖြေရှင်းနိုင်ရန်လက်တွေ့လုပ်ငန်းဆောင်ရွက်ပုံ လုပ်ရိုးလုပ်စဉ်အဆင့်ဆင့်ကို ဖန်တီးထား ရှိရန်နှင့်/သို့မဟုတ်ထိန်းသိမ်းထားခြင်းပြုရန်

က. အစိုးရ၏တောင်းဆိုလာမှုများသည် ဥပဒေနှင့်အညီ လိုက်နာဖွယ်ရာများအား လိုက်နာဆောင်ရွက်ခြင်းရှိမရှိကို ချင့်တွက်နိုင်ရန် သင့်တော်ပြီးအရည်အချင်း ပြည့်မှီသည့်အတွေ့အကြုံရှိသူများဖြင့် သေချာအောင်သုံးသပ်လေ့လာ စစ်ဆေးခြင်း ပြုပါ။ဝင်ရောက်ရယူရန် စဉ်ဆက်မပြတ်တောင်းဆိုမှုများအတွက် ယင်းကဲ့သို့ သုံးသပ်လေ့လာစစ်ဆေးမှုများကို တောင်းဆိုလာမှုများ၏ ပဏာမအဆင့်တွင် ပြုလုပ်ရမည်။

ခ. အစိုးရ၏တောင်းဆိုလာမှုများကို အတိအကျအဖြစ်နိုင်ဆုံး မည်သို့နားလည်သိရှိရမည်ဟူသောအချက်အပေါ်တွင် သက်ဆိုင်သူများကို လမ်းညွှန်ပြသနိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိပါ။

၄.ထုတ်ကုန်များ(သို့)နည်းပညာကို ဥပဒေနှင့်မကိုက်ညီသော ရည်ရွယ်ချက်များအတွက် အစိုးရမှ အလွဲသုံးစားပြုနေသည်ဟု ယုံကြည်ရသောအခါ သို့မဟုတ်ဥပဒေနှင့် မညီညွတ်သည့်အစိုးရ၏ တောင်းဆိုမှုများကို လက်ခံရရှိသောအခါ လွတ်လပ်စွာထုတ်ဖော်ရေးသားနိုင်ခွင့်နှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်တို့ အပေါ်တွင်သက်ရောက်မှုရှိနိုင်ခြေ အနည်းဆုံးဖြစ်အောင်ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးအစီအစဉ်များကို အဆင်ပြေ၍ဖြစ်နိုင်မည့်နေရာများတွင် ချမှတ်ကျင့်သုံးပါ။ အကယ်၍သင့်တော်ပါက

က). ရှင်းလင်းချက်ရရှိနိုင်ရန် သို့မဟုတ်ပိုမိုတိုးတက်ကောင်းမွန်အောင် ပြင်ဆင်ခြင်းတို့ပြုလုပ်နိုင်ရန် တောင်းဆိုလာမှုများကို သက်ဆိုင်ရာအာဏာပိုင်များနှင့် ပြန်လည်လေ့လာသုံးသပ်ပါ၊

ခ). ဖြစ်နိုင်သည့်နေရာများတွင် တရားဥပဒေရေးရာ (တရားရုံး၏လုပ်ထုံးလုပ်နည်း) အရလေ့လာသုံးသပ်ဆန်းစစ်မှုရယူပါ၊

ဂ). အစိုးရဌာနများသို့မဟုတ် စည်းမျဉ်းဥပဒေထုတ်ပြန်ရေးဌာနများကဲ့သို့သော အခြားသက်ဆိုင်သော စီမံအုပ်ချုပ်ရေးဌာနခွဲများသို့ လျှောက်လဲပါ၊

ဃ). လွတ်လပ်စွာထုတ်ဖော် ရေးသားပြောဆိုခွင့်နှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်တို့အပေါ် လက်တွေ့အားဖြင့် သက်ရောက်မှုနည်းနိုင်သမျှ နည်းပါးစေရန်သို့မဟုတ် လျော့ပါးစေရန်အခြားသောနည်းလမ်းများရှာဖွေလုပ်ဆောင်ပါ၊

င). ကုလသမဂ္ဂသို့မဟုတ် အခြားသော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်/သို့မဟုတ်အခြားသောအစိုးရ/အဖွဲ့အစည်းများမှ သံခင်းတမန်ခင်း နည်းလမ်းများဖြင့် အားပေးကူညီမှုများရရှိနိုင်အောင် ဆက်သွယ်ဆောင်ရွက်ပါ၊

စ). လွတ်လပ်စွာထုတ်ဖော် ရေးသားပြောဆိုခွင့်နှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်ကို အားပေးထောက်ခံသော သတင်းမီဒီယာ/အင်ဂျီအိုများ(NGOs)ကဲ့သို့သော အခြားသောသက်ဆိုင်နေသူများနှင့် သင့်တော်သလို ဆက်သွယ်ဆောင်ရွက်ပါ၊

၅. အန္တရာယ်ကျရောက်မှုရှိနိုင်သောနေရာတွင် လုပ်ကိုင်နေရသော ကုမ္ပဏီဝန်ထမ်း၏ လုံခြုံရေးနှင့်လွတ်လပ်ခွင့်ရှိရေး သေချာအောင်အမြဲတစေဂရုစိုက်ပါ။

၆. သက်ဆိုင်သောဝန်ထမ်းများကို မိမိတို့နှင့်ဆက်နွယ်သော ပေါ်လစီနှင့်လုပ်ထုံးလုပ်နည်းများဆိုင်ရာတွင် သတိထားသိမြင်တတ်မှုကို မြှင့်တင်ပေး၍ လေ့ကျင့်သင်ကြားသင်တန်းပေးပါ။

၇. အသုံးချနိုင်သော ဥပဒေရေးရာမူဘောင်နှင့် စည်းမျဉ်းဥပဒေသများအား လက်တွေ့တွင် ပိုမိုထိရောက်စွာ နားလည်မှုပေးနိုင်စေရန်၊ ယင်းဥပဒေများကို အကောင်အထည်ဖော်ရာတွင် ထောက်ပံ့ကူညီပေးရန်နှင့် ထိုထက်ပိုမိုကောင်းမွန်သော စည်းမျဉ်းဥပဒေသများ ပိုမိုပြဌာန်းနိုင်စေရန် သက်ဆိုင်သူများ၊စိတ်ဝင်စားသူများနှင့် ဆီလျော်သင့်တော်သည့်နေရာများတွင် ဗဟုသုတနှင့် အသိအမြင်များအား မျှဝေပေးပါ။

၈။ ဤကိစ္စနှင့်ပတ်သက်၍ သင့်တော်ပြီး အဓိကကျင်းပသောဖြစ်စဉ်များတွင် ၎င်းစည်းမျဉ်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၏ တိုးတက်မှုအခြေအနေ ဥပဒေသများကို ပြင်ပသို့ နှစ်ပတ်လည်အစီရင်ခံစာထုတ်ပြန်ခြင်းပြုပါ။

၉. ၎င်းပေါ်လစီနှင့် စည်းမျဉ်းဥပဒေသများမှ အနုတ်လက္ခဏာဆောင်သော ထိခိုက်နိုင်ခြေရှိသော အကျိုးများလျော့ပါးစေရန် မိမိကုမ္ပဏီတခုချင်း (သို့) အခြားအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လွတ်လပ်စွာထုတ်ဖော်ရေးသားနိုင်ခွင့်နှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်ကို အားပေးအားမြှောက်ပြုသော ပေါ်လစီနှင့် စည်းမျဉ်းဥပဒေများ ဖော်ထုတ်ရာတွင် အသိပေးအကြောင်းကြား ပါဝင်ကူညီဆောင်ရွက်ပါ။

၁၀. စီးပွါးရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးများအတွက် ကုလသမဂ္ဂလမ်းညွှန်ချက်အခြေခံမှု၃၁တွင် ဖေါ်ပြထားသောနစ်နာမှုများနှင့် ပတ်သက်၍အစီအမံများဆီလျော်စွာ အကောင်အထည်ဖေါ်ရာတွင် ရွေးချယ်နိုင်သည့် အခွင့်အလမ်းများကို အုပ်စုလိုက်စစ်ဆေးလေ့လာသုံးသပ်ခြင်းပြုပါ။

ဤစည်းမျဉ်းများသည် လုပ်ငန်းဆောင်ရွက်မှုတွင် ကိုယ်တိုင်ထိန်းချုပ်နိုင်စွမ်းရှိသော ပါဝင်သောကုမ္ပဏီများအား လက်တွေ့လုပ်ဆောင်နိုင်ရန် အထောက်အကူပြုပါလိမ့်မည်။ လုပ်ငန်းဆောင်ရွက်ရာတွင် ကိုယ်တိုင်ထိန်းချုပ်ခွင့်မရှိသော ပါဝင်တက်ရောက်လာသော ကုမ္ပဏီများ အနေဖြင့် ၎င်းတို့၏ဩဇာသက်ရောက်နိုင်မှု အစွမ်းဖြင့် ဤသဘောတရားများကို ပိုမိုထွန်းကားပြန့်ပွါးအောင် ကြိုးစားကြရပါလိမ့်မည်။

ဤအဓိကဥပဒေများ၊ နည်းဥပဒေများနှင့် စံနှုန်းများအပေါ်တွင် အခြေပြု၍ပါဝင်နေသော ကုမ္ပဏီများအနေဖြင့် အုပ်စုလိုက် ရည်မှန်းသည်မှာ ၎င်းဥပဒေများအား အတူတကွ လိုအပ်သော လမ်းညွှန်မှုများနှင့် သတင်းအချက်အလက်များ ရေးဆွဲခြင်းဖြစ်သည်။ ၎င်းရေးဆွဲပြီးအရာများအား တယ်လီကွန်ဆက်သွယ်ရေးကုမ္ပဏီများအနေဖြင့် သတင်းအချက်အလက်မျှဝေရန်အလို့ငှာ လိုက်နာလုပ်ဆောင်ခြင်းဖြစ်သည်။

**သက်ဆိုင်နေသူများ Stakeholders**

မိတ်ဆက်ခြင်းအခန်းတွင် ဖေါ်ပြသကဲ့သို့ပင် ကမ္ဘာတစ်ပှမ်းမှ လွတ်လပ်စွာထုတ်ဖေါ်ရေးသားနိုင်ခွင့်နှင့်ကိုယ်ပိုင်လွတ်လပ်ခွင့်တို့တိုးတက်ထွန်းကားဖြစ်ပေါ်ရေးအားအစိုးရ၊စီးပွါးရေးလုပ်ငန်း၊ အရပ်ဖက်လူ့အဖွဲ့အစည်း၊ ရင်းနှီးမြုပ်နှံသူများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအကျိုးအားဖြင့်သက်ဆိုင်မှု ရှိနေသူများကြားတွင် အချင်းချင်း ဆက်သွယ်ချိတ်ဆက်ပြီး ပါဝင်လုပ်ဆောင်စေခြင်းများမှ တဆင့်အကောင်းဆုံးအောင်မြင်မှုကို ရရှိစေနိုင်ပါလိမ့်မည်။

ပါဝင်တက်ရောက်သော ကုမ္ပဏီများအနေဖြင့် သက်ဆိုင်မှုရှိသူများအားလုံးကို စဉ်းစားကြရန် တိုက်တွန်းအားပေးလိုသည်မှာ တယ်လီကွန်းဆက်သွယ်ရေး၏အခန်းကဏ္ဍနှင့်-

- လွတ်လပ်စွာထုတ်ဖော်ရေးသားခွင့်နှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် ပတ်သက်၍ မတူညီသောပါဝင်လှုပ်ရှားသူများအကြား အကျိုးသက်ရောက်နိုင်မှုနှင့် လုပ်ငန်းတာဝန် များကို နားလည် နိုင်စေရန်အချိန်နှင့် အရင်းအမြစ်များရင်နှီးမြုပ်နှံပါ၊
- စီးပွါးရေးနှင့်လူမှုရေးအခွင့်အလမ်းများ၊ ဗဟုသုတတိုးတက်ရေး၊ ပွင့်လင်းမြင်သာမှုရှိရေး အတွက်တယ်လီကွန်ဆက်သွယ်ရေး၏ ကူညီဖြည့်ဆည်းပေးနိုင်မှု ဖြစ်နိုင်ခြေကို အစွမ်းကုန် အသုံးချပါ၊
- တစ်ဦးတယောက်၏ အခွင့်အရေးများချိုးဖောက်ခံရသော ကိစ္စရပ်များတွင် ကုစားမှုများရှာဖွေနိုင်ရန် မိမိတို့၏အခွင့်အရေးများ၊ရရှိနိုင်ခွင့်နှင့် ထိုအခွင့်အရေးများအား ရရှိနိုင်ရန် စီစဉ်ထားရှိမှုများအားပိုမိုသိမြင်နားလည်လာစေရန် အနစ်သာရပြည့်ဝသော ဆွေးနွေးပွဲများ ဖြင့်ကြိုးပမ်းလုပ်ဆောင်ပါ၊

တယ်လီကွန်ဆက်သွယ်ရေး၏ အခန်းကဏ္ဍကိုထည့်သွင်းစဉ်းစားသောအခါ ပါဝင်တက်ရောက်လာသောကုမ္ပဏီများအနေဖြင့် လက်ခံယုံကြည်ထားသည်မှာ သက်ဆိုင်ရာတိုင်းပြည်အစိုးရသည်-

- ပြည်တွင်းဥပဒေများ၊ နည်းဥပဒေများနှင့် ပေါ်လစီများသည် လွတ်လပ်စွာ ထုတ်ဖော်ရေးသားနိုင်ခွင့်နှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်ဆိုင်ရာ နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေများနှင့် စံချိန်စံညွှန်းများနှင့်အညီ လူ့အခွင့်အရေးများကို ကာကွယ်ပေးသင့်ပါသည်။

- လွတ်လပ်စွာထုတ်ဖော်ရေးသားခွင့်၊ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် အမျိုးသားလုံခြုံရေး၊ အများပြည်သူလုံခြုံရေး၊ ဥပဒေဖြင့်စည်းကြပ်ရေးနှင့် ကလေးသူငယ်များအားကာကွယ်ပေးရေး ကဲ့သို့သောအခြားသော တရားဝင်လူမှုရေးဆိုင်ရာ လိုအပ်ချက်တို့အကြားတွင် ဤအဓိပ္ပာယ် ဖွင့်ဆိုချက်ကို သတ်မှတ်ရာ၌ ဟန်ချက်ညီစေရန် ဂရုစိုက်၍ပြုလုပ်ပါ၊ ဤအရာသည် ကုမ္ပဏီများ၏ အခန်းကဏ္ဍမဟုတ်ပါ။
- လွတ်လပ်စွာထုတ်ဖော်ရေးသားခွင့်၊ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် ၄င်းတို့အား အကောင်အထည်ဖော်ခြင်းဆိုင်ရာနှင့် ပတ်သက်သောဥပဒေများ၊ နည်းဥပဒေများနှင့် ပေါ်လစီများကို ပွင့်လင်းမြင်သာမှုရှိစွာ ဆက်သွယ်ဆောင်ရွက်ပါ။
- ဥပဒေ၊နည်းဥပဒေအသစ်များအပေါ် လေ့လာဆန်းစစ်ရာ၌ နည်းပညာရှုထောင့်နှင့် ယင်းတို့အားတစ်ကမ္ဘာလုံး အတိုင်းအတာဖြင့်သုံးစွဲပုံအပေါ်တွင် အခြေခံ၍နားလည်မှုအပြည့် ဖြင့်မည်သည့်လစ်ဟာမှုများ (သို့) ပြုပြင်ပြောင်းလဲစရာများကိုမဆို ဖော်ပြလျက် အချိန်အားလျော်စွာ ခန့်မှန်းချင့်တွက်ခြင်းပြုပါ၊
- လွတ်လပ်စွာထုတ်ဖော်ရေးသားပြောဆိုခွင့်နှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ထိခိုက်နိုင်သည့် အန္တရာယ်များပေါ်ထွန်းစပြုနေသော နေရာများတွင် ထိုတိုင်းပြည်၌လုပ်ငန်းများ လည်ပတ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများသို့ ကြားခံတိုင်းပြည်တစ်ခု၏ အစိုးရနှင့် ထိုတိုင်းပြည်တွင်း အခြေပြုလုပ်ကိုင်နေသော နိုင်ငံတကာကုမ္ပဏီများအား တက်ကြွသော သံတမန်နည်းလမ်းများအရ အကောင်းမြင်ရှုထောင့်ဖြင့် ဆွေးနွေးခြင်းများထောက်ပံ့ ကူညီပေးပါ၊

- လွတ်လပ်စွာထုတ်ဖော်ရေးသားပြောဆိုခွင့်နှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်များနှင့် စပ်လျဉ်း၍ မိရိုးဖလာမီဒီယာများကို ပိတ်ပင်ထားခြင်းမျိုးပုံစံထက်ပို၍ ၄င်းမီဒီယာများ၏ ထုတ်လွှင့်ရေးသားမှုနှင့် သတင်းအချက်အလက် ဆက်သွယ်ဖြန့်ဖြူးခြင်းအား ပိုမိုတင်းကျပ်ထိန်းချုပ်သော စံနှုန်းများ ထုတ်ပြန်ပြဌာန်းချက်ကို ရှောင်ကြဉ်ပါ။

တယ်လီကွန်ဆက်သွယ်ရေး၏ အခန်းကဏ္ဍကိုစဉ်းစားရာ၌ ပါဝင်သောကုမ္ပဏီများအနေဖြင့် အရပ်ဖက်လူ့အဖွဲ့အစည်းအပေါ် မျှော်လင့်သည်မှာ

- လွတ်လပ်စွာထုတ်ဖော်ရေးသားပြောဆိုခွင့်နှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်တို့ကို အကောင်းဆုံးလေးစားလိုက်နာကာကွယ်ရေး ကျွမ်းကျင်မှုနှင့်အပုမ်းမှ အကျိုးဝင်သော ဖြေရှင်းရေးနည်းလမ်းများကိုစုပေါင်းရှာဖွေနိုင်ရေးအတွက် စီးပွါးရေးလုပ်ငန်းနယ်ပယ်သည် သက်ဆိုင်ရာတိုင်းပြည်အစိုးရနှင့် အပြုသဘောဆောင်သည့် ဆွေးနွေးပွဲများဖြင့် ပူးပေါင်းလုပ်ဆောင်ပါ၊

ကျမ်းကိုးစာရင်းပြုလုပ်နိုင်ရန် ရည်ရွယ်၍ ဤစာတမ်း၏နောက်ဆုံးမူအား မူလပုံစံနှင့် တူညီမှုရှိသောဘာသာကွဲပုံစံများအဖြစ်ဖြင့် အာရဘစ်၊တရုတ်၊ ပြင်သစ်၊ရုရှား၊စပိန်နှင့် တူရကီဘာသာများသို့ ဘာသာပြန်ဆိုပါလိမ့်မည်။ အင်္ဂလိပ်ဘာသာဖြင့်မူသည်သာ မူလ အရင်းအမြစ်အစစ်အမှန်ဖြစ်သဖြင့် အငြင်းအခုံဆိုင်ရာ ကိစ္စရပ်ရပ်များဖြေရှင်းရာတွင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားသောမူကိုသာ လက်ခံအတည်ပြုကျင့်သုံးရပါမည်။